# ရောင်စဉ်ယှက်ဖြာခဲ့သော ဆီမီးခွက်ငယ်ကလေးများ



" ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ရှင်မြတ် "

ဂါလကင်းလွတ်သီတင်းကျွတ်အချိန်အခါကို ရောက်ခဲ့လေပြီ။ မြတ်စွာဘုရားရှင်က တာဝတိံ သာနတ်ပြည်မှ မယ်တော် မိနတ်သားအား ဂါတွင်း(၃)လပါတ်လုံး အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော်မူပြီးနောက် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းသုံးသွယ်မှ လူပြည်ကို ပြန်လည်ဆင်းသက်တော်မူသော မြတ်စွာဘုရားအား နတ်လူအများက ဆီမီးများ ထွန်းညှိပူဇော်ကြိုဆိုကြပြီး ထိုနေ့ သီတင်းကျွတ်လပြည့်နေ့ ( အဘိဓမ္မာ အခါတော်နေ့) မှာ အိမ်၊ ကျောင်း၊ လမ်း၊ဘုရားတို့ မှာ ဆီမီးရောင်စုံများ ထွန်းညှိ ပူဇော်ကာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြပါတယ်။

သီတင်းကျွတ်လပြည့်နေ့မှာ Save The Aged အနေနဲ့ ဆီမီး၅၀၀၀တင်မက ပန်းစေတီပါ တည်လှူမယ်။ ဒါ့အပြင် မကြာသေးခင်မှ ဖွဲ့စည်းလိုက်တဲ့ Save The Aged ရဲ့ ဂုတ်အဖွဲ့မှလည်း ပထမဦးဆုံး ပွဲဦးထွက်ဂုတ်ရွှတ် ပူဇော်ကြမယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။ ဖြစ်ချင်တော့ ဒီစနေ သီတင်းကျွတ် လပြည့်နေ့ မတိုင်ခင်(၄) ရက်လောက်ထဲက ဂီရိမုန်တိုင်းရဲ့ ရိုက်ခတ်မှုနဲ့ ရန်ကုန်မှာ မိုးဖြိုင်ဖြိုင်ရွာသွန်းနေခဲ့ပါတယ်။ ဒါပေမယ့် Save The Aged ရဲ့ ထုံးစံက ဆုံးဖြတ်ပြီးရင် ဘယ်လောက်ခက်ခဲနေပါစေ.. အဖွဲ့ဝင်တွေရဲ့ စိတ်စွမ်းအားနဲ့ အောင်အောင်မြင်မြင် ဖြစ်အောင် လုပ်ခဲ့ကြတာချည်းပါ။ အားလုံးက ဒီနေ့မှာ ယောကီဖြူ ညို ဆင်တူဂုတ်ဆင်လို့ ဆင်နွှဲဖို့ အားခဲထားကြလေတော့ အုံ့ဆိုင်းရွာသွန်းနေတဲ့ ရွှေမိုးကိုကြည့်ပြီး အစီစဉ်တွေပျက်မှာကို တွေးကာပူနေကြပါတယ်။

အဖွဲ့ဝင်များက တာဝန်တွေခွဲဝေယူကြပါတယ်။ ဗိုလ်တစ်ထောင်ကျိုက်ဒေးအပ်ဆံတော်ရှင် စေတီတော်မြတ်မှာ ဆီမီးထွန်းညှိခွင့်ရဖို့ တာဝန်ရှိဂေါပကလူကြီးများနှင့် ကြိုတင်သွားရောက်တွေ့ဆုံကာ ခွင့်ပြုချက်တောင်းယူကြ

ပါတယ်။ ခွင့်ပြုချက်ရပြန်တော့ ဆီမီးခွက်များ၊ မီးစာများ၊ ထွန်းညှိရန်ဆီ အချိန်မှီ ဂယ်ယူစုဆောင်းရပြန်ပါတယ်။ ပန်းစေတီပါတည်မှာဖြစ်လို့ ဂန္ဓမာပန်းတွေ ကြိုတင်မှာယူ၊ စေတီတည်ဖို့ လိုအပ်တာများပြင်ဆင်ရပြန်ပါတယ်။ မီးပုံးပဒေသာပင်တစ်ပင်သီးမှာမို့ အဲ့ဒီအတွက်လည်း စီစဥ်ရပြန်ပါတယ်။ အဖွဲ့ရဲ့ဂတ်ရွတ်မယ့်အဖွဲ့ကလည်း ကြိုတင်ပြီး ဂတ်တိုက်ထားကြပြန်ပါတယ်။



ဒီလိုနဲ့ သီတင်းကျွတ်လပြည့်နေ့ (၂၃.၁၀.၂၀၁၀) စနေနေ့ရောက်ခဲ့ပါတယ်။ မုန်တိုင်းကြေညာချက်က အညိုရောင် အရေး ပေါ်အဆင့်။ နေ့လည်၂နာရီလောက်မှာ မိုးရောလေရောပြင်းထန်နေဆဲ။ Save The Aged ကလည်း လုပ်မယ်ဆိုရအောင်လုပ် မယ်ဆိုတဲ့ အထဲကဘဲ။ အဓိက လုပ်ဆောင်နေကြတဲ့ ဖုန်းတွေ လိုက်ချိတ်ကြည့်တော့ အားလုံးက ကိုယ်စီကိုယ်ငှ လုပ်ဆောင် စရာ များကို အရှိန်မပျက် ဆက်လက်ဆောင်ရွက်နေဆဲ။ မိုးနတ်မင်းကြီးကို ဒီတစ်ည မိုးရွာသွန်းခြင်းကနေ ဒီတစ်ညတာ ကုန်ဆုံးတဲ့ အထိပဲဖြစ်ဖြစ် ရပ်တန်းပေးပါဆို ဆုတွေတောင်းနေကြတာ ကျွန်မတစ်ယောက်ထဲ မဟုတ်.. အဖွဲ့ဂင်တိုင်းရဲ့ ဆုတောင်းသံတွေ။ ညနေလေးနာရီ ရွှေမိုးက ဖြိုးဖြိုးဖျောက်ဖျောက် ရွာနေတုန်း။ ပြင်ဆင်ထားတဲ့ အဖွဲ့ယူနီဖောင်း အဖြူ+ အညိုလေးနဲ့ မိသားစုလိုက် ဘုရားကို ထွက်ခဲ့ကြတယ်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ရှင်မြတ်ရဲ့ ရင်ပြင်တော်ပေါ်မှာတော့ ဘုရားဖူးလားသူ၊ စတုဒီသာ တိုက်ကျွေးသူ၊ ဥပုသ်သီလယူသူများနဲ့ ပြည့်နှက်လို့။ ဓမ္မဥယျောင်တိလောကမာန်အောင်မဟာမုနိတန်ဆောင်းကြီးရှေ့က ရင်ပြင ်တော်နေရာမှာတော့ Save The Aged အဖွဲ့တာဂန်ခံများက တစ်ဖွဲဖွဲရွာချနေတဲ့ မိုးစက်မိုးပေါက်များကို အံတုလို့ ဆီမီးခွက်အလွတ်များကို စာလုံးဖော် နေရာချနေကြပေပြီ။ မီးစာကျစ်သူကကျစ်၊ ဆီမီးခွက် သယ်သူက သယ်၊ အဖွဲ့နာမည် ချိတ်သူကချိတ်၊ ဆီမီးခွက် နေရာချသူကချ၊ ကန်တော့ပွဲပြင်ဆင်သူကပြင်ဆင်၊ မိုးနတ်မင်းကြီး ကို ဆုတောင်းသူကဆုတောင်းနှင့် ဒရဖပ်ဆောင်ရွက်နေကြပြီ။

ဂတ်ရွတ်အဖွဲ့ဝင်တော်တော်များများကလည်း အဖွဲ့ရဲ့သင်တန်းမှာ မနက်၉နာရီကနေ ညနေ ၅နာရီအထိ တက်ရောက်နေကြ လေတော့ သူတို့ကတော့ သင်တန်းချိန် ၅နာရီနောက်ပိုင်းမှ ဒီဘက်ဆီမီးထွန်းရာဆီကို ကူးလာကြမှာ..။ သူတို့လည်း စာသာ သင်နေကြရတယ် စိတ်တွေကတော့ ဘုရားဆီမီးထွန်းရာမှာ ရောက်နေကြမှာ မလွဲ။ အဖွဲ့ဝင်တွေက မိုးစက်မိုးပေါက်များ အောက်မှာ တစ်ဖွဲဖွဲရောက်လာကြတယ်။ အဖွဲ့ဝင် မိန်းကလေး၊ ယောကျာ်းလေးတိုင်းဟာ အဖြူ+အညိုဂတ်စုံလေးတွေနဲ့ ကျက်သရေရှိစွာ လှပတင့်တည်နေခဲ့ကြတယ်။

ညနေ(၆)နာရီကျော်ကျော်မှာတော့ Save The Aged ရဲ့ ဂတ်ရွတ်အဖွဲ့ရောက်ရှိလို့လာပါတယ်။ ဂတ်ရွတ်မယ့်နေရာမှာ နေရာ ယူပြင်ဆင်ပါတယ်။ မရှေ့မနှောင်းမှာပဲ ဂန္ဓမာပန်းရောင်စုံ (၂၆၀၀)ပွင့်နဲ့ ပြင်ဆင်ထားတဲ့ ပန်းစေတီလည်း ရောက်ရှိလာပါ တော့တယ်။ ဒီပန်းစေတီကို စိန်ဩဂတ်စတင်းမှ ဆရာမဒေါ်နှင်းသီတာနဲ့ ဆရာမဒေါ်ပြုံးပြုံးတို့က အပင်ပမ်းခံကာ ပူဇော်ရန် အတွက် ပြင်ဆင်ပေးပါတယ်။ ဆရာမတို့ရဲ့ စေတနာဒါနအတွက် ဒီနေရာကနေ Save The Aged အဖွဲ့မှ ကျေးဇူးစကား ပြောပါရစေရှင်။ အဲ့ဒီအချိန်မှာပဲ မိုးကလည်း တဖြည်းဖြည်းဆဲရာမှ တိတ်သွားပါပြီ။

ညနေ (၆) နာရီခွဲနောက်ပိုင်းမှာတော့ အဖွဲ့ဝင်များမှ ” Save The Aged – သက်ကြီးရွယ်အိုထောက်ပံ့ရေးနှင့် စောင့်ရှောက်ရေး အဖွဲ့ “ ဆိုပြီး စာလုံးဖော်ထားတဲ့ ဆီမီးခွက်ငယ်နေရာများမှာ တပျော်တပါး ဆီမီးများ ထွန်းညှိပူဇော်ပါတယ်။



မိုးရွာထားလေးတော့ ဆီမီးထွန်းခွင့်ပေးထားတဲ့ ရင်ပြင်နေရာတွေမှာ ရေညှိများနဲ့အတူ မိုးရေတွေနဲ့ စိုစွတ်နေပြီး ချော်လဲကျမှာတောင် စိုးရိမ်ရပါတယ်။ ဒါပေမယ့် ကျွန်မတို့ မမှုကြပါဘူး။

တစ်ယောက်ကို တစ်ယောက် ချောမလဲအောင် ဂရုစိုက်ဖို့ မှာသူကမှာ။ ဆီမီးခွက်တွေမှာ ဆီဖြည့်သူကလိုက်ဖြည့်၊ မီးစာကျစ်သူက ကျစ်၊ ဆီမီးထွန်းသူကထွန်းနဲ့.. တက်ညီလက်ညီနဲ့ လွန်စွာမှ ပျော်ရွှင်ဖွယ်ရာ ကောင်းလှပါတယ်။







ကျွန်မတို့ Save The Aged အဖွဲ့ရဲ့ စုပေါင်းစွမ်းအားကို ဒီ...မိုးစက်မိုးပေါက်များရဲ့ အောက်မှာပဲ ပြသ နိုင်ခဲ့ကြ ပါ တယ်။



Save The Aged အဖွဲ့ရဲ့ ဂတ်အဖွဲ့ကလည်း ဥာန်ကဋ္ဌိုင်းကျကျနဲ့ ပရိတ်များ၊ သုတ်တော်များကို ရွတ်ဖတ် သရာဇ္ဈာယ်ကာ မြတ်စွာဘုရားရှင်တော်မြတ်ကို ပူဇော်ကန်တော့သံ ညီညာဖျဖျက လွန်စွာမှာ ကျက်သရေ ရှိလှစွာ စိတ်နှလုံးထဲ ရွှင်လန်းချမ်းမြေ့ ရပါတယ်။ အဖွဲ့ဝင်အားလုံးရဲ့ စိတ်နှလုံးထဲမှာ မိမိတို့ရဲ့ ပြုပြုသမျှ ကုသိုလ် ကောင်းမှုအတွက် ဂမ်းသာ၊ ပီတိတွေနဲ့ လှိုင်လှိုင်ဂေ နေခဲ့ကြပါတယ်။

ဘုရားဖူးလာ ပရိသတ်များကလည်း ထွန်းညှိထားတဲ့ ဆီမီးများနဲ့၊ ပန်းစေတီများနဲ့။ မီးပုံးပဒေသာပင်များနဲ့ လာရောက် အမှတ်တရ ဓာတ်ပုံရိုက်ယူကြပါတယ်။





တချို့မှာ ကိုယ်တိုင် ဝင်ရောက်ကာ လာရောက်နိုင်ငံခြားသားခရီးသည်များ လည်း ဆီမီးထွန်းညှိမှုကို စိတ်ဝင်တစား လာရောက် လေ့လာကာ တချို့မှာ ကိုယ်တိုင်ဝင်ရောက် ဆီမီးထွန်းညှိကြပါတယ်။

MRTV4 ရုပ်သံဌာနမှလည်း မှတ်တမ်းတင်ရိုက်ကူးကာ အင်တာဗျူးပါတယ်။ အဖွဲ့ဝင် လူငယ်တချို့မှလည်း မိဘများ၊ အုပ်ထိမ်းသူများနဲ့ အတူတကွလာရောက်ကာ ဆီမီးပူဇော်ကြတာကိုတွေ့ရပါတယ်။ အဖွဲ့အင်အား (၁၀၀)နီးပါးနဲ့ တက်တက်ကြွကြွ ညီညာစွာ၊ ဆင်တူ ဝတ်စုံလေးများနဲ့ တင့်တယ်နေကြတဲ့ ကျွန်မတို့ Save The Aged ရဲ့ ဆီမီးပူဇော်ရာနေရာမှာ စိတ်ဝင်တစား လာရောက် ကြည်ညိုသူ၊ လေ့လာသူ၊ ပူဇော်သူများနဲ့ ဘုရားဖူးလာများနဲ့ စည်ကားစွာရှိနေခဲ့ပါတယ်။

အဆုံးသတ်မှာတော့ ဆီမီး(၅၀၀၀)ကို အဖွဲ့ဝင်များရဲ့ စုပေါင်းလက်များနဲ့ အောင်မြင်စွာ ထွန်းညှိခဲ့ကြပါတယ်။ ည(၉)နာရီ ထိုးချိန်မှာတော့ ကျွန်မတို့ရဲ့ အစီစဉ်ကို အောင်မြင်စွာ ရပ်နားကာ ဘုရားရင်ပြင် ဆီမီးထွန်းပူဇော်ရာ နေရာတစ်ပိုက်ကို အဖွဲ့ဝင် များက ပြန်လည် သိမ်းဆည်း၊ သန့်ရှင်း၊ ဆေးကြောပေးကြပြန်ပါတယ်။

Save The Aged က သီတင်းကျွတ်လပြည့်နေ့မှာ မြတ်စွာဘုရားရှင်တော်ကို ပန်းစေတီတည်ကာ၊ ဆီမီး (၅၀၀၀) ထွန်းညှိလို့ ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကာ ကြည်ညိုပူဇော် ကန်တော့ခဲ့ကြပါပြီ။ မုန်တိုင်း အရှိန်ကြောင့် သီတင်းကျွတ် လပြည့်နေ့မှာ ပျပျလင်းနေတဲ့ ဖိုးလမင်းကြီးက တိမ်မည်းညိုညိုတွေကြားကနေ Save The Aged အဖွဲ့ရဲ့ ပရဟိတစိတ်တွေနဲ့ထုံမွှမ်းထားတဲ့၊ ညီညွတ်စွာ.. လှပစွာနဲ့ တောက်ပနေတဲ့ ဆီမီးတောက်လေးတွေကို သာဓုခေါ်ဆိုကာ လှမ်းကြည့်နေတာ တွေ့ရပါတယ်။

Save The Aged အဖွဲ့ဝင်များရဲ့ ဆီမီး (၅၀၀၀)ရဲ့ တောက်ပရောင်စဉ်များကို မိုးနတ်မင်းကြီးကလည်း ကောင်းချီးပေးကာ ရပ်တံ့ပေးခဲ့ရပါတယ်။ Save The Aged က သူ့ရဲ့ နောက်ထပ်မှတ်တိုင်တစ်ခုကို အခက်အခဲတွေကြား က အောင်မြင်စွာ နဲ့ စိုက်ထူနိုင်ခဲ့ပြန်ပါပြီ။ ဗိုလ်တစ်ထောင်ကျိုက်ဒေးအပ် ဆံတော်ရှင်မြတ်ရဲ့

မိုးကောင်းကင်ယံမှာ Save The Aged က ထွန်းညှိလိုက်တဲ့ ဆီမီးတောက်၅၀၀၀ရဲ့ ရောင်ခြည်များနဲ့ ထိန်ထိန်ညီးကာ လှပသက်ဝင်လို့နေပါတော့တယ်။

*ကျေးဇူးမှတ်တမ်း။*

သီတင်းကျွတ်လပြည့်ဆီမီး၅၀၀၀ထွန်းညှိပူဇော်ပွဲတော်ဖြစ်မြောက်ဖို့ အောက်ဖော်ပြပါ အဖွဲ့ဝင်များ ဦးဆောင်ပြီး အပင်ပမ်းခံကာ၊ မဆောင်ရွက်ခဲ့ဘူးဆိုရင် ထမြောက်အောင်မြင်ဖွယ်ရာမရှိပါဘူး။ ဒါကြောင့် ကိုဇေဒါဇော်၊ ကိုအောင်မျိုးမင်း (ပဒုံမှာ)၊ ကိုဇော်ဆီဆွေချို၊ ကိုဂေယံမင်း၊ ကိုအနက်ရောင်၊ ကိုစိမ်းလန်း၊ ကိုသားမောင်၊ ကိုသက်ဝင်း၊ နွယ်ပင်၊ နှောင်ရိုး၊ ဂဏစိုး၊ ရဲထွဋ်နှင့်တကွ မြသွေးနီမသိလိုက်သော၊ ဖော်ပြရန်ကျန်ရှိသော အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ အဖွဲ့ဝင်များ၊ အလှူရှင်များအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

